## (၂) အမြစ်ပုပ် ရောဂါ (Phytophthora root rot)

**ရောဂါဖြစ်စေသောသက်ရှိ - *Phytophthora nicotianae* Breda de Haan**

**ရောဂါလက္ခဏာများ**

နာနတ်ရွက်များသည် အစိမ်းရောင်မှ အဝါရောင် သို့မဟုတ် အနီရောင်ပြောင်းသွားသည်။ အရွက်ထိပ်နှင့် ရွက်နား ရှိ တစ်ရှူးများသေသွားသည်။ အမြစ်ဖွဲ့စည်းပုံ ပျက်စီးသွား၍ အပင်အား အလွယ်တကူ နှုတ်ယူနိုင်သည်။ ရောဂါရှိသော အပင်များမှ အသီးများသည် အချိန်မတိုင်မီ အရောင်ရင့်လာ၍ သေးငယ်ပြီး ဈေးကွက်မဝင်ပါ။ ရောဂါ လက္ခဏာများကို စောစီးစွာသိရှိပြီး ထိန်းချုပ်မှုပြုလုပ်ပါက အပင်များ ပြန်လည်ကောင်းမွန်လာနိုင်ပါသည်။ အမြစ်များမှ တစ်ဆင့် ပင်စည်အထိ ကူးစက်ပါက ပြန်လည်ကောင်းမွန်ရန် ခက်ခဲသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။
- ရောဂါကင်းသောအပင်မှ သားတက်ကို ပျိုးပင်အဖြစ်ယူစိုက်ပါ။
- အပင်အားမြေကြီးထဲနက်နက်မစိုက်ရ။
- ရောဂါကျအပင်အားချက်ချင်းနှုတ်ယူဖျက်ဆီးပစ်ပါ။
- စိုက်ခင်းအတွင်း အသုံးပြုသော ကရိယာပစ္စည်းများအား ပိုးသတ်ပြီးမှ ဆောင်ရွက်ပါ။
- စိုက်ခင်းအားရေမဝပ်စေရန်ဆောင်ရွက်ပါ။
- ဘောင်စနစ်ဖြင့်စိုက်ပျိုးပြီး ရေထုတ်မြောင်းများထားပေးပါ။
- ရောဂါကျရောက်ပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်း အသုံးပြုပါ။ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Propineb (ပရောပီနက်ဘ်)၊ Fosetyl-Al (ဖော့စတိုင်-အေအယ်လ်)